**ကိုအောင်နိုင် (ခ) ကိုအောင်ကျော်နိုင် (ခ) ကိုပါကြီးသေဆုံးမှုနှင့်ပတ်သက်၍**
**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏သတင်းထုတ်ပြန်ချက်**
**သတင်းထုတ်ပြန်ချက်အမှတ်စဉ် (၆/၂၀၁၅)**

၁။ ကိုအောင်နိုင် (ခ) ကိုအောင်ကျော်နိုင် (ခ) ကိုပါကြီးသေဆုံးမှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်သည် နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်နှင့် အညီစုံစမ်းစစ်ဆေးရန် ကော်မရှင်အဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်း၍ စုံစမ်းစစ်ဆေးခဲ့ပြီးနောက် တွေ့ရှိချက်များကိုနိုင်ငံတော်သမ္မတရုံးသို့အထူးအစီရင်ခံစာအဖြစ်တင်ပြပြီးအများပြည်သူသိရှိနိုင်ရန်အတွက်လည်း၂-၁၂-၂၀၁၄ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့ပါသည်။ ယင်းကဲ့သို့ထုတ်ပြန်ရာတွင် ဤအမှုကိုပွင့်လင်းမြင်သာမှုရှိရန်အတွက်နယ်ဘက်ဆိုင်ရာတရားရုံးတွင်စစ်ဆေးသင့်ပါကြောင်းထည့်သွင်းဖော်ပြခဲ့ပါသည်။

၂။ ကိုအောင်နိုင် (ခ) ကိုအောင်ကျော်နိုင် (ခ) ကိုပါကြီးသေဆုံးမှုသည် တန်းပြည့်စစ်မှုထမ်းချိန်အတွင်း ဖြစ်ပွားကြောင်း အခိုင်အမာပေါ်ပေါက်ခဲ့သည့်အတွက် တပ်မတော် အက်ဥပဒေပုဒ်မ ၇၂အရစစ်တရားရုံး၏စီရင်ခွင့်အာဏာအတွင်းကျရောက်သဖြင့်၁၉၅၉ခုနှစ်တပ်မတော်အက်ဥပဒေပါပြဋ္ဌာန်းချက်များ၊ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပါပြဋ္ဌာန်းချက်များ၊စစ်ဘက်တရားစီရင်ရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီအကျဉ်းစစ်တရားရုံးချုပ်အမှတ်စဉ် (၁၄၆/၁၄၇) တို့ဖြင့်အမှတ်(၂၁၀) ခြေမြန်တပ်ရင်းမှအစောင့်စစ်သည် (၂) ဦးဖြစ်သည့် ဒုတိယတပ်ကြပ် ကျော်ကျော်အောင်နှင့် တပ်သားနိုင်လင်းထွန်းတို့အပေါ် တပ်မတော်အက်ဥပဒေပုဒ်မ၇၁၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄တို့ဖြင့်စစ်ဆေးခဲ့ပြီးတရားသေလွှတ်သည့်အမိန့်ကိုချမှတ်ခဲ့ကြောင်းနှင့်ယင်းဆုံးဖြတ်ချက်ကိုတိုင်းမှူး အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှအတည်ပြုခဲ့ကြောင်းသိရှိရပါသည်။

၃။ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ကိုအောင်နိုင် (ခ) ကိုအောင်ကျော်နိုင် (ခ) ကိုပါကြီး သေဆုံးမှုအပေါ် အရာရှိစစ်သည်များအားအရေးယူမှုသည် ၂၀၀၈ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊တပ်မတော်အက်ဥပဒေတို့နှင့်အညီဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟုကာကွယ်ရေးဝန်ကြီးဌာနမှပြန်ကြားချက်အရသိရှိရပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊၂၀၁၅ခုနှစ်၊မေလ၈ရက်